**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်**

**ထုတ်ပြန်ချက်အမှတ်(၇၂/၂၀၂၀)**

**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက်**

# <u>ကိုယ်ကျင့်တရားဆိုင်ရာစည်းမျဉ်း(Code of Ethics)</u>

## ၁။ နိဒါန်း(Introduction)

ဆန်စပါးနှင့်လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် MAPCO သည်၎င်း၏လုပ်ငန်းဆောင်တာများအားလုံးနှင့် ကဏ္ဍတိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်မှု ၊ ဂုဏ်သိက္ခာ ၊ ရိုးသားမှု ၊ မျှတမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အမြင့်မားဆုံးစံချိန် ၊ စံညွှန်းများနှင့်အညီ ယုံကြည်စိတ်ချရသော အနာဂါတ်အတွက် ခြွင်းချက်မရှိ စွမ်းစွမ်းတမံ စီမံဆောင်ရွက်လျက်ရှိရာ ကိုယ်ကျင့်တရားဆိုင်ရာစည်းမျဉ်းကို လိုက်နာကျင့်သုံးခြင်းသည် MAPCO ရှိ အလုပ်ခန့်အပ်မှု ၊ သဘာတူစာချုပ်ပါစည်းကမ်းများ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်များ(Purpose)

(၂.၁) ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းအားလုံးအား ကျယ်ပြန့်သော လမ်းညွှန်ချက်ကို ပေးရန် ၊ အများပြည်သူ၏ယုံကြည်စိတ်ချမှုကို ပိုမိုရရှိစေရန်နှင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းများပိုမို တိုးပွားစေရန်ရည်ရွယ်ပါသည်။

## ၃။ မူဝါဒနယ်ပယ်(Scope)

(၃.၁) MAPCO ၏ ကိုယ်ကျင့်တရားဆိုင်ရာစည်းမျဉ်းသည် ၎င်းတွင် အလုပ်လုပ်ကိုင်နေကြသော ဒါရိုက်တာများ၊ အတိုင်ပင်ခံများ၊ အကြံပေးများနှင့် ယာယီ၊အမြဲတမ်း၊စာချုပ်အငှားဝန်ထမ်းများအားလုံးအပေါ် အကျိုးသက်ရောက်သည်။

## ၄။ အမည်ဖော်ပြခြင်းမပြုလုပ်ဘဲတိုင်ကြားခြင်းဆိုင်ရာမူဝါဒအကျဉ်းချုပ်(Brief Whistle Blowing Policy)

(၄.၁) MAPCO သည် ကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားဆိုင်ရာ အမြင့်မားဆုံးစံချိန်စံညွှန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအပါအဝင် အကြီးတန်း ၊ အငယ်တန်း ဝန်ထမ်းများအားလုံးသည် MAPCO ၏ ပိုင်ဆိုင်မှုများကို သံသယရှိဖွယ် မမှန်မကန် မရိုးဖြောင့်သော မည်သည့်နည်းဖြင့်မဆို ပြုမူခြင်း ၊ သုံးစွဲခြင်း (သို့မဟုတ်) အလွဲသုံးစားပြုလုပ်ခြင်းတို့ကို သိရှိပါက စုံစမ်းဖော်ထုတ်သွားမည် ဖြစ်သည်။

(၄.၂) MAPCOတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း(သို့မဟုတ်) အဖွဲ့တစ်ဖွဲ့ဖွဲ့သည် ထိုသို့ ပြုလုပ်ကြောင်းသိရှိပါက (သို့မဟုတ်) ထိုသို့ပြုလုပ်ကြောင်း သံသယရှိသဖြင့် ယင်းကိစ္စကို စုံစမ်းဖော်ထုတ်ရန် လိုအပ်ပါက ဥက္ကဋ္ဌထံသို့လည်းကောင်း၊ အုပ်ချုပ်မှုဒါရိုက်တာထံသို့ လည်းကောင်း၊ စာရင်းစစ်ကော်မတီ နှင့် ပြင်ပစာရင်းစစ်ထံသို့လည်းကောင်း တင်ပြ သတင်းပေးပို့နိုင်ပါသည်။

(၄.၃) ထိုသို့တိုင်ကြားအသိပေးမှုများနှင့် ပတ်သက်၍ ကုမ္ပဏီမှ တိုင်ကြားသူကို လုံခြုံစွာဖြင့် လျှို့ဝှက်ထား၍ အပြည့်အဝအကာအကွယ်ပေးမည် ဖြစ်ပါသည်။ သတင်းပို့တိုင်ကြားလွှာ များကို အခြေအနေနှင့် ဥပဒေအရ ခွင့်ပြုထားသော အတိုင်းအတာအထိ လျှို့ဝှက်သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းသွားမည် ဖြစ်ပြီး အဆိုပါတိုင်ကြားလွှာများကို မပေါက်ကြားစေရန်နှင့် ထိရောက်စွာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီမှ သိရှိရန်လိုအပ်သူများ ကိုသာ အသိပေးမည်ဖြစ်ပါ သည်။

(၄.၄) MAPCOသည် ထိုသို့စီမံခန့်ခွဲမှုအဖွဲ့အား အသိပေးတိုင်ကြားခြင်းအတွက် သတင်းပို့ တိုင်ကြားသူကို လက်တုံ့ပြန်မည်မဟုတ်ဘဲ တိုင်ကြားသူ၏ အလုပ်ခန့်ထားမှုဆိုင်ရာ စည်းကမ်းများနှင့် ကန့်သတ်ချက်များကို ပြောင်းပြန်အကျိုးသက်ရောက်ရန် ရည်ရွယ် အားထုတ်ခြင်း ၊ အန္တရာယ်ဖြစ်စေ ရန် ခြိမ်းခြောက်ခြင်း ၊ အလုပ်ဖြုတ်ခြင်း ၊ ပြစ်ဒဏ် ပေးခြင်း ၊ လုပ်ခလစာကို ထိခိုက်စေခြင်းများ ပြုလုပ်မည်မဟုတ်ပါ။ တိုင်ကြားသူသည် ထိုသို့လက်တုံ့ပြန်ခံရသည်ဟု ယုံကြည်ပါက ဥက္ကဋ္ဌထံသို့ လည်းကောင်း ၊ အုပ်ချုပ်မှု ဒါရိုက်တာထံသို့လည်းကောင်း စာဖြင့်ရေးသားပေးပို့တိုင်ကြားနိုင်သည်။ တိုင်ကြားချက် များကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ တိုင်ကြားခံရသူများ အတွက်ကို လည်း ပြန်လည်ရှင်းလင်း ချေပနိုင်မည့် အခွင့်အလမ်းကို ပေးမည်ဖြစ်ပြီး ဘက်လိုက်မှုကင်းစွာဖြင့် စုံစမ်းဖော်ထုတ်ခြင်းကို နည်းမှန်လမ်းမှန် စီမံခန့်ခွဲဆောင်ရွက်ရန် ကုမ္ပဏီမှ တာဝန်ယူပါသည်။

(၄.၅) သတင်းပေးပို့သူများသည် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို ရှောင်ရှားရန် သတိထားရမည်ဖြစ်သည်။ စွပ်စွဲခံရသူ၏ ရိုးသားမှုနှင့် ဂုဏ်သိက္ခာကို သံသယရှိစေနိုင်သည့် ထင်မြင် ချက်များရှိပါက တိကျခိုင်လုံသော အတိုင်းအတာတစ်ခုရှိသည့် သက်သေအထောက် အထားများကို အခြေခံ၍ အစီရင်ခံတင်ပြနိုင်ရမည်။ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို သဘောရိုးဖြင့်မဟုတ်ဘဲ လုပ်ကြံဖန်တီးထားကြောင်း စစ်ဆေးတွေ့ရှိပါက အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူခြင်းခံရမည်ဖြစ်သည်။

## ၅။ မမှန်ကန်သော (သို့မဟုတ်) မရိုးဖြောင့်သောအပြုအမူ (Fraudulent or Dishonest Conduct)

(၅.၁) ဝန်ထမ်းများသည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်-

(၅.၁.၁)စာချုပ်စာတမ်းများအတုပြုလုပ်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်း။

(၅.၁.၂) ကွန်ပျူတာဖိုင်များ၊ ကော်ပီများကို ခွင့်ပြုချက်မရှိဘဲ ကိုင်တွယ်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်း။

(၅.၁.၃)ကုမ္ပဏီ၏အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခမူဝါဒများကို ချိုးဖောက်၍ အကျိုးအမြတ်ရယူရန်ကြိုးစားခြင်း။

(၅.၁.၄)ကုမ္ပဏီ၏ ရန်ပုံငွေများ ၊ ပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုလုပ်ခြင်း (သို့မဟုတ်) တလွဲအသုံးပြုခြင်း။

(၅.၁.၅)ပေးအပ်ရန် (သို့မဟုတ်) ဖြန့်ချိရန်မဟုတ်သော ကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများအတွက် ငွေပေးခြင်း ၊ မဆောင်ရွက်ရသော ဝန်ဆောင်မှုများ (သို့မဟုတ်) လက်မခံရသေးသော ကုန်ပစ္စည်းများအတွက် လျော်ကြေးကို လက်ခံခြင်း (သို့မဟုတ်) ခွင့်ပြုခြင်း။

(၅.၁.၆)မဆောင်ရွက်ရသေးသော တာဝန်များ (သို့မဟုတ်) အချိန်နာရီများအတွက် လုပ်အားခလက်ခံခြင်း (သို့မဟုတ်) ခွင့်ပြုခြင်း။

(၅.၁.၇)မှားယွင်းသော ငွေကြေး ၊ နည်းပညာပိုင်းဆိုင်ရာနှင့် အထွေထွေသတင်း အချက်အလက်များပေးပို့ခြင်း ။

(၅.၁.၈)အရေးကြီးသတင်းအချက်အလက်ကို ထိမ်ချန်ခြင်း (သို့မဟုတ်) သတင်းအချက်အလက်အမှားပေးပို့ခြင်း ။

(၅.၁.၉)ကုမ္ပဏီ၏ စည်းမျဉ်းများ၊ စည်းကမ်းများနှင့် ဥပဒေများကို ဆန့်ကျင်၍ ပြုမူခြင်းနှင့်ဆောင်ရွက်ခြင်း ။

(၅.၁.၁၀)အခြားနည်းဖြင့်ရယူခြင်း (သို့မဟုတ်) အလွဲသုံးစားပြုလုပ်ခြင်း ၊ မိမိကိုယ်ကျိုးစီးပွားအတွက် အကျိုးအမြတ်ရယူခြင်း။

## ၆။ လာဘ်ပေး လာဘ်ယူမှုနှင့် အဂတိလိုက်စားမှု (Bribery and Corruption)

(၆.၁)စီးပွားရေးအရဖြစ်စေ ၊ လုပ်ငန်းအရဖြစ်စေ ၊ လုပ်ပိုင်ခွင့်နယ်ပယ်အရဖြစ်စေ နီးနွယ် ပတ်သက်နေသူ (သို့မဟုတ်) အနာဂါတ်တွင် ပတ်သက်လာနိုင်ချေရှိသူအား တံစိုး လက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက် သော်လည်း ကောင်း ပေးခြင်း ၊လက်ခံခြင်း ၊ ရယူခြင်း ၊ပေးရန်နှင့် ရယူရန်အားထုတ်ခြင်း ၊ ကမ်းလှမ်း ခြင်း ၊ ကတိပြုခြင်းတို့လုံးဝမပြုလုပ်ရ ။

(၆.၂) အဖွဲ့အစည်းအတွင်း(သို့မဟုတ်)ဝန်ထမ်းအချင်းချင်းဆက်ဆံရေးတွင် ပုဂ္ဂိုလ်ရေးအကျိုး အမြတ်ရရှိစေရန် ငွေကြေး၊ပစ္စည်း၊လက်ဆောင်ပေးခြင်း ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များပေးခြင်း ၊ရယူခြင်းတို့မပြုလုပ်ရ။

(၆.၃) ဂါရဝပြုလက်ဆောင်များကို ပေးအပ်ရာတွင် မိမိ၏အဖွဲ့အစည်းကို ကိုယ်စားပြု၍ ပေးအပ်ရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှု ရှိရမည်ဖြစ်ပါသည်။

(၆.၄) MAPCO သည် မည်သည့်ဝန်ထမ်းကိုမဆို (သို့မဟုတ်) ၎င်းတို့ကိုယ်စား ဆောင်ရွက်သော မည်သူ့ကိုမဆို ဖော်ပြပါလုပ်ဆောင်ခြင်းမှ တားမြစ်ပါသည်-

(၆.၄.၁) MAPCO တွင် အလုပ်လုပ်ရန်ရှာဖွေနေသော သူထံမှ လက်ဆောင် (သို့မဟုတ်) ငွေကို လက်ခံခြင်း။

(၆.၄.၂)အပြန်အလှန်အားဖြင့် အတွင်းရေးသတင်းအချက်အလက်ကိုဖော်ထုတ်ခြင်း (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်းများအတွက် တန်ဖိုးရှိတစ်စုံတစ်ရာကို တစ်ဦးတစ်ယောက် (သို့မဟုတ်) အများအတွက် တောင်းခံခြင်း။

(၆.၅)အထက်ဖော်ပြပါစည်းမျဉ်းစည်းကမ်းများအား ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ အားလုံးသည်လည်းကောင်း၊ အမြဲတမ်းခန့် ၊ စာချုပ်ခန့် ၊ အစမ်းခန့်နှင့် ယာယီခန့် အပါအဝင် ဝန်ထမ်းများအားလုံးသည်လည်းကောင်း တိကျစွာ လိုက်နာရမည်ဖြစ်ပြီး အဆိုပါစည်းမျဉ်းစည်းကမ်းများအား ဖောက်ဖျက်သည့် ဆက်စပ်ပတ်သက်သူ မည်သူကို မဆို အလုပ်မှ ထုတ်ပယ်ခြင်း (သို့မဟုတ်) နုတ်ထွက်စေခြင်း ၊ ရာထူး လျှော့ခြင်း ၊ လစာနှင့် ခံစားခွင့်များလျှော့ခြင်းတို့ အပါအဝင် လိုအပ်သော စုံစမ်းစစ်ဆေးအရေးယူမှုများကို ထိရောက်စွာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## Contact Information

Please contact the following E-Mails.

Chairman of the board : chairman@mapco-ygn.com

Secretary/Managing Director : md@mapco-ygn.com

Board Office : bod@mapco-ygn.com

အတွင်းရေးမှူး

ဒါရိုက်တာအဖွဲ့

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်